# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# ၁၄ ရက်မြောက်နေ့အစီအစဉ်
# [၂၄-၇-၂၀၁၃] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသန့်ဇင်၊ ကြို့ပင်ကောက် မဲဆန္ဒနယ်(ကိုယ်စား)ဦးတင်ထွေး၊ အုတ်ဖို မဲဆန္ဒနယ်၏ **ကြို့ပင်ကောက်မြို့နယ်တွင် မြို့နယ်တရားရုံး၊ ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ** စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးခွန်လိန်း၊ ဖလမ်း မဲဆန္ဒနယ်၏ **ဖလမ်းမြို့ပေါ်ရှိ ဖာရုံထောက်ရပ်ကွက်၊ ကျန်ဘာရီအပိုင်းအတွက် စတောမ်ချောင်းမှ ရေသွယ်ယူပေးနိုင်ခြင်း ရှိ/မရှိ**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံနယ်နိမိတ်ကို အမြန်ဆုံး ပြန်လည်တိုင်းတာ အတည်ပြုပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) သူရဦးအောင်ကို၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **ဘဏ်အပ်ငွေအပေါ် အတိုးနှုန်းများနှင့် နိုင်ငံတော်ချေးငွေရယူ၍ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံလုပ်ငန်း ဆောင်ရွက်နေသော ကုမ္ပဏီကြီးများအတွက် (၈)ရာခိုင်နှုန်း ပြင်ဆင်ပေးနိုင်ခြင်းရှိ/မရှိ**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(င) ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **သွင်းကုန်/ပို့ကုန် လုပ်ငန်းရှင်များအပေါ် ၂ ရာခိုင်နှုန်း ကြိုတင်ဝင်ငွေခွန် ကောက်ခံခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးဖိုးသိမ်း၊ ကလေးဝ မဲဆန္ဒနယ်၏ **ကျေးရွာအုပ်စု သောက်သုံးရေ ရရှိရေးအတွက် ရေကန်နှင့်ရေပိုက်များ တည်ဆောက်သွယ်တန်း ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးဖိုးသိမ်း၊ ကလေးဝ မဲဆန္ဒနယ်၏ **စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်သူ့လွှတ်တော်မှ အတည်ပြုချမှတ်ပေးထားသည့် သန်း(၁၀၀၀)အား ၂၀၁၂–၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ချထားပေးငွေများကို မည်သည့်မြို့နယ် များသို့ ခွဲဝေပြီး မည်သည့်လုပ်ငန်းများတွင် သုံးစွဲခဲ့သည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးရှိသီး၊ လေရှီး မဲဆန္ဒနယ်၏ **မြန်မာ့တပ်မတော်တွင် အင်အား တောင့်တင်းသော ကာကွယ်ရေးစွမ်းအား မြင့်မားစေရေးနှင့် (၁၈)နှစ်အထက် တပ်သားသစ်များ စုဆောင်းရရှိနိုင်ရေးအတွက် မည်သို့ဆောင်ရွက်နေသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **မွန်ပြည်နယ်၊ သံလွင်မြစ်ဝ၊ နတ်မော်ချောင်းဝအနီးတွင် တပ်မတော်(ရေ)မှ သိမ်းဆည်းခဲ့သော ကြယ်တံခွန်အမည်ရှိ စက်လှေ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးမောင်ညို၊ စစ်တွေ မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်၊ အနောက်တံခါး လုံခြုံရေးအတွက် ရခိုင်တပ်မတော်တစ်ခု ဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် မှ အတည်ပြုချက်ဖြင့် ပေးပို့သော **"မြန်မာနိုင်ငံ ရေကြောင်း ပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြုချက်ဖြင့် ပေးပို့သော **"မြစ်ကျဉ်းသွားလာမှု အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာတင်သွင်းခြင်း။

၈။ **" ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး နည်းဥပဒေ"** နှင့် စပ်လျဉ်း၍ ပြင်ဆင်သည့်အဆို တင်သွင်းထားသည့် ကိုယ်စားလှယ်များက တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၁၄ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၅ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။